Address:
P.O. Box 201, Prasingh,
Chiang Mai, Thailand 50200

Email: shanhumanrights@gmail.com
Website: www.shanhumanrights.org
Phone: +66 (0)93- 297-7754

**ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင်မှ နောက်ဆုံးရ သတင်း ( စာအမှတ် ၉၊ ၂၀၁၆)**

**ဒီဇင်ဘာလ ၆ ရက်နေ့၂၀၁၆**

## ရှမ်းပြည်နယ်မြောက်ပိုင်းမိုင်းရင်ကျေးရွာအုပ်စုတွင် အစိုးရတပ်မတော်ကလယ်သမား၃ဦးကိုရိုက်နက်၊ တစ်ဦးကိုသေနတ်ဖြင့်ပစ်။

### ၁။အသံကျယ်စွာစကားပြောသည့်အတွက်ရွာသား၃ဦးနှိပ်စက်ခံရ

နိုဝင်ဘာ၁၃ရက်နေ့၂၀၁၆တွင်ရှမ်းပြည်နယ်မြောက်ပိုင်းမိုင်းရင်ကျေးရွာအုပ်စု အီနိုင်းကျေးရွာ အုပ်စု ရှိကုန်းပေါင်းကျေးရွာတွင် အစိုးရတပ်မတော်ခလရ ၁၁၉ ကအသက်၁၆နှစ်အရွယ်ရှိ ကောင်လေးတစ်ယောက်အပါအဝင်ရွာသား၃ဦးကို ပြင်းထန်စွာ ရိုက်နက်သည်။

နိုဝင်ဘာ၁၁ရက်နေ့၂၀၁၆တွင်မန္တလေးအခြေစိုက်အစိုးရတပ်မတော်တပ်မ ၃၃လက်အောက်ခံ ခလရ ၁၁၉ သည် ဝမ်ဆမ်မိုင်းရွာ မှလားရှိုးမြို့မြောက်ဘက်သို ့စစ်ယာဉ်တန်းဖြင့်ရှေ့တန်းထွက်လာရာအီနိုင်ကျေးရွာတွက် ကာရပ်ပြီး၁ဝမိုင်ခန့်ကွာရှိမိုင်းတောင်ဆီလမ်းလျှောက်ကာ ညနေ၆နာရီတွင်ရောက်ရှိလာ သဖြင့်ထိုနေရာ၌ တစ်ညထိအိပ်စက်ခဲ့သည်။နိုဝင်ဘာ၁၂ရက်တွင်ကုန်းပေါင်းကျေးရွာဆီသို့ဆက်လျှောက်ပြီးရွာထဲတွင်တစ်ညနေခဲ့သည်။


နိုဝင်ဘာ၁၃ရက်နေ့တွင် မနက်၈နာရီအချိန် အစိုးရတပ်မတော်တပ်သားတစ်ချို့သည် ရွာတစ်ဝိုက်တွင် လုံခြုံရေးယူရာအိမ်တစ်အိမ်တွင် ရွာသား၃ယောက်စကားပြောနေသည်ကိုကြားသည်။ ရွာသား၃ဦးမှာ လုင်းလှဝင်း (အသက်၆၄)၊ စိုင်းညွန့် ( အသက်၂၅ ) နှင့် ့စိုင်းထွန်း ( အသက်၁၆ )။ လုင်းလှဝင်းနားလေးသောကြောင့်သူတို့က အော်၍ ပြောသည်။ သူတို့မိုင်းရင်သို ့ခရီးသွားမည့် အကြောင်းသာပြောသည်။ စစ်သားများက ထိုရွာသားများသည် ရှမ်းစစ်သားဆီသို့ အစိုးရစစ်သား၏ လှုပ်ရှားမှုအကြောင်း၊ သူတို့ခရီးသွားရာလမ်းတွင်မြေမြှုပ် ဖိုင်းထောင်နိုင်ရန် သတင်းပို့ဖို့ကြိုးစားနေသည် ဟုစွပ်စွဲပြီး့သူတို့ကို ရိုက်နှက်ပါတော့သည်။ သူတို့သည် ရွာသားများဖြစ်ကြောင်းရွာသူကြီးလာရောက်လက်မှတ်ထိုးပြီးချိန် မှ သာပြန်လည်လွတ်မြောက်သည်။



ရိုက်နက်ခံရသော လုင်းလှဝင်း၏ ပုံ



ရိုက်နက်ခံရသော စိုင်းညွန့်၏ပုံ



ရိုက်နက်ခံရသော စိုင်းထွန်း၏ပုံ

**အရိုက်ခံရသောလယ်သမား၃ဦး၏ အသေးစိတ်အချက်အလက်ကို အောက်ပါအတိုင်းဖော်ပြထားသည်။**

| စဉ်။ | အမည် | အသက် | ဇာတိရွာ | နှိပ်စက်မှုကြောင့်ရရှိသောဒဏ်ရာ |
|---|---|---|---|---|
| ၁။ | လုင်းလှဝင်း | ၆၄ | ကုန်းပေါင်းကျေးရွာတွင်လာရောက်အလုပ်လုပ်လျက်ရှိသောနမ္မတူဇာတိ | ပါးစပ်တွင်အရိုက်ခံရသောကြောင့်သွားတစ်ချောင်းကျိုးကျရာပါးစပ်ထဲတွင်သွေးများစွာထွက်သည်။ |
| ၂။ | စိုင်းညွန့် | ၂၅ | လားရှိုးမြို့ရှိပူတာရပ်ကွက်မှကုန်းပေါင်းကျေးရွာသို့ပြောင်းရွှေ့လာ | ခေါင်းပိုင်းတွင်ခြေထောက်ဖြင့်အကန်ခံရသောကြောင့်ဘယ်ဘက်နားရွက်မှာအလျားလိုက်ပေါက်ပြဲ |
| ၃။ | စိုင်းထွန်း | ၁၆ | ကုန်းပေါင်းရွာ | လက်နောက်ပြန်ချည်နှောင်ခံရပြီးသူ့ခေါင်းသွေးထွက်သည်ထိရိုက်နှက်ခံရသည်။ |

ကုန်းပေါင်းရွာတွင် အိမ်ခြေ ၂၀ကျော်ရှိပြီး ထိုရွာတွင်ကချင်၊ လီဆော၊ လားဟူနှင့် ရှမ်းတို့နေထိုင်လျက်ရှိသည်။ ကုန်းပေါင်းရွာသည် လားရှိုးမြို့၏အနောက်မြောက်ဘက်မိုင်းယော်၏ အရှေ့တောင်ဘက်တွင် တည်ရှိသည်။ ထိုနေရာတွင်လက်နက်ကိုင်ပေါင်းစုံ၊ ရှမ်းပြည်တိုးတက်ရေးပါတီရှမ်းပြည်တပ်မတော်( SSPP/SSA )၊ အစိုးရပြည်သူ့စစ် နှင့်အစိုးရတပ်မတော်အပါအဝင်တပ်များ ရှိသည်။


## ၂။လယ်သမားများအိမ်ပြန်ချိန်တွင်သေနတ်ဖြင့်ပစ်သတ်ခံရ

နိုဝင်ဘာလ၁၆ရက်၂၀၁၆တွင် အစိုးရတပ်မတော်တပ်ရင်း ၆၉ဟာ ရှမ်းပြည်နယ်မြောက်ပိုင်းမိုင်းရင် ကျေးရွာအုပ်စု မိုင်းဘားကျေးရွာအုပ်စုရှိ ဝမ်စတ်ကျေးရွာအိမ်သို့ပြန်လာသော အသက်၄၀ရှိလယ်သမားတစ် ဦးကို သေနတ်ဖြင့်ပစ်သည်။

ထိုနေ့တွင် အစိုးရတပ်မတော်တပ်ရင်း ၆၉ ဖြစ်သည် ့တပ်သားအယောက်၅၀ယောက်သည် သိန္နီမြို့ မှမိုင်းပိုင်းသို့လာပြီး ဝမ်ကျက်ကျေးရွာရှိ တပ်စခန်းတွင်နေသည်။

မွန်းလွဲပိုင်း၃း၃၀မိနစ် အချိန်တွင် အသက်၄၀ရှိစိုင်းအိုက်ဆိုင်သည် တောကပြန်လာရာ သူ့ရွာတွင် အ စိုးရတပ်မတော်တပ်က ကင်းစောင့်နေသည် ကိုသူတွေ့သည်။ စစ်သားများကသူ့ကိုသေနတ်ဖြင့်စတင် ပစ် သ ဖြင့် သူညာဘက်ပေါင်တွင် သေနတ်မှန်ခဲ့သည်။ သူ့ဆွေမျိုးများကသူ့ကို လားရှိုးဆေးရုံတွင်ကုသရန်ပို့ ဆောင် ခဲ့ရသည်။

ဗမာ့တပ်မတော်မှ မိုင်းရင်လယ်သမားများကိုညင်းပန်းနှိပ်စက်ခြင်းနှင့်ပစ်ခတ်ခြင်းတည်နေရာပြမြေပုံ၊ နိုင်ဝင်ဘာလ ၂၀၁၆




**ဆက်သွယ်ရန်။**

စိုင်းဟော်ရှဲန် +၆၆၂-၉၄၁-၉၆၀၀

နန်းလွန့်လှိုင်း +၆၆၂-၈၃၈-၉၀၂၉